မြန်မာသံရုံး၊ဗန်ကောက်မြို့ (စီးပွားရေး)
စီးပွားရေးသတင်းများ

*၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ၉ရက် (သောကြာနေ့)*

## GDP အတွက် ကောင်းကျိုးပြုသည့် ရေနံစျေးနှုန်းကျဆင်းမှု

ထိုးကျနေသောရေနံစျေးနှုန်းသည် ယခုနှစ် စီးပွားရေးတိုးတက်မှုနှုန်းကို ၀.၅ % ခန့် ဆွဲတင်ပေးနိုင်ကြောင်း၊ သို့ရာတွင် နိုင်ငံအနေဖြင့် ရေနံတင်သွင်းမှုအပေါ် ကောက်ခံရရှိသော အခွန်ဝင်ငွေသည် ဘတ် ၄၀ ဘီလီယံခန့် ဆုံးရှုံးနိုင်ကြောင်းသုံးသပ်ကြပါသည်။ သို့ဖြစ်ရာ ရေနံစျေးနှုန်းကျဆင်းခြင်းသည် ကဏ္ဍအားလုံးအတွက် အကျိုးပြုသည်ဟုမဆိုနိုင်ပါ။

ရေနံစျေးနှုန်းကျဆင်းခြင်းသည် ထိုင်းနိုင်ငံ၏ စွမ်းအင်တင်သွင်းမှုအတွက် ကုန်ကျစရိတ်လျှော့ချရာတွင် အထောက်အကူဖြစ်ခဲ့ကြောင်း ထိုင်းဘဏ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ Mr. Boontuck က ပြောကြားခဲ့ပါသည်။ စားသုံးသူများအနေဖြင့် စွမ်းအင်အတွက် သုံးစွဲမှုလျှော့နည်းသွားမည်ဖြစ်ရာအခြားသောပစ္စည်းများအတွက် ပိုမိုသုံးစွဲလာမည်ဟု ယူဆနိုင်ပါသည်။

ပြီးခဲ့သည့်နှစ် ပထမ (၁၁) လအတွင်းရေနံတင်သွင်းမှုသည် ဘတ် ၁.၁၂ ထရီလီယံဖြစ်ရာ ၂၀၁၃ ခုနှစ် အလားတူကာလ၌ တင်သွင်းမှု (ဘတ် ၁.၁၁ ထရီလီယံ) ထက် အနည်းငယ်သာ မြင့်တက်ခဲ့ပါသည်။ ရေနံတင်သွင်းမှုပမာဏသည် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုတန်ဖိုး (GDP) ၏ ၁၀ % နီးပါးရှိပါသည်။

ရေနံစျေးနှုန်းသည် ပြီးခဲ့သည့်နှစ် ဇွန်လမှစ၍ ၅၀ % ကျော် ကျဆင်း၍ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၅၀ အောက်ထိကျဆင်းခဲ့ပြီးရေနံတင်သွင်းသည့်နိုင်ငံများအတွက် ပွဲပေါက်ဖြစ်လာခဲ့ပါသည်။ ရေနံစျေးနှုန်းသည် တစ်စည်လျှင် အမေရိကန် ဒေါ်လာ ၅၀ ဝန်းကျင်တွင် တည်ငြိမ်နေမည်ဆိုပါကအစိုးရအနေဖြင့် အခွန်ဝင်ငွေဘတ် ၄၀ ဘီလီယံခန့် ဆုံးရှုံးနိုင်သော်လည်း ယေဘုယျအားဖြင့် (စီးပွားရေးအဆောက်အအုံတစ်ခုလုံးအနေဖြင့်) ရေနံစျေးနှုန်းကျဆင်းမှုသည်အပြုသဘောဆောင်သောအကျိုးသက်ရောက်မှုရရှိနိုင်သည်ဟုဘဏ္ဍာရေးမူဝါဒဌာန ညွှန်ကြားရေးမှူးချုပ် Mr. Kritsada က လည်းယူဆပါသည်။

ပုံမှန်အားဖြင့် ရေနံတင်သွင်းမှုအပေါ် Value-added Tax (VAT) ကောက်ခံမှုမှ ရရှိသောအခွန်ဝင်ငွေသည် တစ်နှစ်လျှင် ဘတ် ၈၀ ဘီလီယံခန့် ဖြစ်ကြောင်းသိရှိရပါသည်။ ရေနံတင်ပို့သောနိုင်ငံများသည် ထိုင်းနိုင်ငံ၏ အဓိကကုန်သွယ်ဘက်နိုင်ငံများ မဟုတ်သော

ကြောင့် ပြည်ပတင်ပို့မှုကဏ္ဍသည် ရေနံဈေးနှုန်းထိုးကျခြင်းကိုခံနိုင်ရည်ရှိလိမ့်မည်ဟု မျှော်လင့်ထားကြပါသည်။

ထုတ်လုပ်မှုသို့မဟုတ် လုပ်ငန်းလည်ပတ်မှုစရိတ်တွင် စွမ်းအင်အတွက် ကုန်ကျစရိတ်သည် ကြီးမားသည်ဖြစ်ရာရေနံဈေးနှုန်းကျဆင်းခြင်းသည် ထုတ်လုပ်သူများ၏ ကုန်ကျစရိတ်ကို လျော့နည်းသွားစေမည်ဖြစ်ကြောင်း၊ သို့ရာတွင် ရာဘာကဲ့သို့သော လယ်ယာထွက်ကုန်များအတွက် အနည်းငယ် ထိခိုက်မှုရှိနိုင်ကြောင်း Mr. Kritsada က သုံးသပ်ပြောကြားခဲ့ပါသည်။

ဘဏ္ဍာရေးဝန်ကြီးဌာန၏ အကြံပေးအဖွဲ့အနေဖြင့် ဝင်ငွေနည်းပါးသူများအပေါ် လယ်ယာထွက်ကုန်ဈေးနှုန်းများကျဆင်းမှု၏ အကျိုးသက်ရောက်မှု လျော့ပါးသက်သာစေရန်အတွက် ဘဏ္ဍာငွေအသုံးစရိတ် ထုတ်ပေးမှု မြှင့်တင်ခြင်းနှင့်အတူ (ထိခိုက်မှုသက်သာစေမည့်) ခံနိုင်ရည်ရှိစေမည့် နည်းလမ်းများကိုကြိုးပမ်းရှာဖွေလျက်ရှိကြောင်းသိရှိရပါသည်။

ရင်းမြစ်။ Bangkok Post, January 14, 2015

*********

## သိုလှောင်ထားသောဆန်တန်ချိန် ၁၇ သန်းကိုနှစ်နှစ်အတွင်းထုတ်ရောင်းရန် ရည်မှန်း

ထိုင်းနိုင်ငံအစိုးရအနေဖြင့် သိုလှောင်ရုံများ၌ ကျန်ရှိနေသည့် ဆန်တန်ချိန် ၁၇ သန်းကို နှစ်နှစ်အတွင်းထုတ်ရောင်းရန် ရည်ရွယ်ထားကြောင်း၊ အများစု (တန်ချိန် ၁၀ သန်းခန့်) ကို ယခုနှစ်အတွင်းထုတ်ရောင်းမည်ဖြစ်ကြောင်းသိရှိရပါသည်။

ယခုနှစ် ဆန်ရောင်းချမှုစီမံချက်အရ ဆန်အဆင့်အတန်းမျိုးစုံကိုထုတ်ရောင်းနိုင်ရန် ဆောင်ရွက်မည် ဖြစ်ကြောင်း၊ အဆင့်မြင့်ဆန် (စုစုပေါင်းပမာဏ ၏ ၆၀% )နှင့် စံချိန်စံညွှန်းမမီသောဆန် သို့မဟုတ် အရည်အသွေးနိမ့်သောဆန် (၄၀ %) များပါဝင်မည် ဖြစ်ကြောင်း ကူးသန်းရောင်းဝယ်ရေးအမြဲတမ်းအတွင်းဝန် Ms. Chutima က ပြောကြားခဲ့ပါသည်။

အစိုးရ၏ စာရင်းစစ်အဖွဲ့သည် နိုင်ငံအနှံ့အပြားရှိဆန်သိုလှောင်ရုံများ စစ်ဆေးခြင်းကို အပြီးသတ် ဆောင်ရွက်ပြီးနောက် ဆန်များကိုအဆင့် A, B, C ဟူ၍ အမျိုးအစားသုံးမျိုး ခွဲခြားသတ်မှတ်ခဲ့ပါသည်။ သို့ဖြစ်ရာသက်ဆိုင်ရာအာဏာပိုင်များအနေဖြင့် ဆန်များထုတ် ရောင်းချခြင်းကို လွယ်ကူစွာစီမံခန့်ခွဲနိုင်မည်ဖြစ်ပါသည်။

သိုလှောင်ရုံများမှ ဆန်များထုတ်ရောင်းခြင်းကို (အသစ်ထွက်ရှိလာမည့်) ဆန်သစ် များ၏ ဈေးနှုန်းအပေါ် အကျိုးသက်ရောက်မှုမရှိစေသောနည်းလမ်းဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း Ms. Chutima က ခိုင်မာစွာပြောကြားခဲ့ပါသည်။

ပြီးခဲ့သည့်လ၌ ကျင်းပခဲ့သည့် အမျိုးသားဆန်မူဝါဒကော်မတီ၏ အစည်းအဝေးတွင် အစိုးရ၏ သိုလှောင်ထားသောဆန်တန်ချိန် ၁၇ သန်းအနက် တန်ချိန် ၂.၃၅ သန်းသည် စံချိန်စံညွှန်းမီသောအဆင့်မြင့်ဆန်များဖြစ်ကြောင်း၊ ၎င်းတို့ကိုအဆင့် A ဟု သတ်မှတ်ခဲ့ကြောင်း ဝန်ကြီးချုပ်မှ ပြောကြားခဲ့ပါသည်။ ကျန် ဆန်တန်ချိန် ၁၃ သန်းခန့်သည် စံချိန်စံညွှန်း မမီသောကြောင့် အဆင့် B ဟုသတ်မှတ်ခဲ့ကြောင်း၊ သို့ရာတွင် အဆိုပါ ဆန်များသည် ရောင်းချရန်အတွက် ကောင်းမွန်အောင် ပြုပြင်မွမ်းမံနိုင်သည့် အခြေအနေရှိကြောင်း သိရှိရ ပါသည်။

ဆန်တန်ချိန် ၇ သိန်းခန့်သည် ဆိုးရွားသောအခြေအနေတွင် ရှိပြီးတန်ချိန် ၇၆,၀၀၀ ခန့်သည် စာရင်းသွင်းမှတ်တမ်းတင်ရန် အသေးစိတ် သတ်မှတ်ထားသောအချက်များ / အမျိုး အစားများနှင့် ကိုက်ညီခြင်းမရှိသောကြောင့် ၎င်းတို့ကိုအဆင့် C ဟုသတ်မှတ်ခဲ့ပါသည်။

သက်ဆိုင်ရာအာဏာပိုင်များအနေဖြင့် မတ်လအထိတွင် (မတ်လနောက်ဆုံးထား၍) ဆန်များအားစျေးပြိုင်စနစ်ဖြင့် လေလံတင် ရောင်းချခြင်းကို (၂) ကြိမ် သို့မဟုတ် (၃) ကြိမ် ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ထားကြောင်း၊ အဆိုပါကာလအတွင်းဆန်သစ်များထွက်ရှိမည် မဟုတ်သောကြောင့် ဖြစ်ကြောင်း၊ ယခုနှစ်အတွက် ပထမအကြိမ် တင်ဒါကို ၂၀-၁-၂၀၁၄ ရက်နေ့တွင် ခေါ်ယူရန် စီစဉ်ထားကြောင်းMs. Chutima က ပြောကြားခဲ့ပါသည်။

ဆန်ရောင်းချမှုအဆင်ပြေချောမွေ့စေရန် အစိုးရအနေဖြင့် ဆန်များထုတ်ရောင်းရာတွင် ပုံတိုက်စနစ် (stack basis) အပြင် သိုလှောင်ရုံအလိုက် (သိုလှောင်ရုံတစ်ခုလုံး) ရောင်းချသည့် စနစ် (whole-warehouse basis) ဖြင့်ပါ ရောင်းချမည်ဖြစ်ကြောင်း၊ လက်လီနှင့် လက်ကားရောင်းချသူနှစ်မျိုးစလုံးသည် ဆန်တင်ဒါ တွင် ပါဝင်နိုင်ကြောင်းသိရှိရပါသည်။

ရင်းမြစ်။ Bangkok Post, January 14, 2015

*********

## ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ဟောင်ကောင်သို့သွားရောက်မည့် ထိုင်းစီးပွား/ ကူးသန်းဝန်ကြီး

ထိုင်းနိုင်ငံအစိုးရသည် ထိုင်းဆန်နှင့် အခြားသောလယ်ယာထွက်ကုန်များရောင်းချမှု မြှင့်တင်နိုင်ရန် ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် လာမည့်လများတွင် အိန္ဒိယနှင့် ရုရှားအပါအဝင် နိုင်ငံတကာသို့သွားရောက်၍ အပြည်ပြည်ဆိုင်ရာ roadshows များကိုကျင်းပမည်ဖြစ်ပါသည်။

အဆိုပါ အစီအစဉ်၏ တစ်စိတ်တစ်ဒေသအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး Gen Chatchaiသည် ထိုင်းဆန်ရောင်းချမှုမြှင့်တင်ရန်နှင့် အာဆီယံ- ဟောင်ကောင် လွတ်လပ်စွာကုန်သွယ်မှုသဘောတူစာချုပ်ဆိုင်ရာညှိနှိုင်းဆွေးနွေးမှုများနှင့် စပ်လျဉ်း၍ တိုးတက်မှုရှိစေရန် ဟောင်ကောင်သို့ သွားရောက်မည်ဖြစ်ပါသည်။

ဝန်ကြီး Gen Chatchai၏ နှစ်ရက်ကြာဟောင်ကောင်ခရီးစဉ်တွင် ဟောင်ကောင် တင်သွင်းသူများနှင့် ထိုင်းတင်ပို့သူများအကြားထိုင်းဟွန်မာလိဆန် တန်ချိန် ၁ သိန်းအတွက် အရောင်းအဝယ်စာချုပ် လက်မှတ်ရေးထိုးခြင်းလည်းပါဝင်ပါမည်။ အဆိုပါ အရောင်း အဝယ်သည် ထိုင်းနိုင်ငံ၏ စပါးဝယ်ယူရေးအစီအစဉ်ကြောင့် ထိုင်းဆန်စျေးနှုန်းမြင့်မားခဲ့ပြီး ဆန်စျေးကွက်ဝေစုဆုံးရှုံးခဲ့ရပြီးနောက် နှစ်များစွာအတွင်း အများဆုံးရောင်းဝယ်သည့် ပမာဏ ဖြစ်ကြောင်းသိရှိရပါသည်။

ထိုင်းနိုင်ငံ၏ ဟောင်ကောင်သို့ တင်ပို့မှုသည် ၂၀၁၃ ခုနှစ်၌ ဘတ် ၄၀၀ ဘီလီယံ (စုစုပေါင်းပြည်ပတင်ပို့မှု၏ ၅.၈ %) ရှိခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ် ပထမ (၁၁) လ အတွင်း တင်ပို့မှုသည် ၂၀၁၃ခုနှစ်အလားတူကာလကထက် ၂.၁၃ % မြင့်တက်၍ ဘတ် ၃၇၄ ဘီလီယံ ရှိခဲ့ကြောင်းသိရှိရပါသည်။

စီးပွားရေးကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အရာရှိများအားထိုင်းဆန်ရောင်းချမှု မြှင့်တင်ရေးဆောင်ရွက်ရန်၊ အစိုးရ၏ သိုလှောင်ထားသောဆန်မြောက်မြားစွာရောင်းထုတ် နိုင်ရန်နှင့် ကုန်သွယ်မှု မြှင့်တင်နိုင်မည့် နည်းလမ်းများကိုဖော်ထုတ်နိုင်ရန် ယခုနှစ်တွင် နိုင်ငံများစွာသို့ သွားရောက်ရန် တာဝန်ပေးခဲ့ပြီးဖြစ်ကြောင်းဝန်ကြီး Gen Chatchai က ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံသည် ပြီးခဲ့သည့်နှစ်၌ ဆန်တန်ချိန် ၁၀.၈ သန်းတင်ပို့ရောင်းချခဲ့ကြောင်း၊ ယခုနှစ်တွင် တန်ချိန် ၁၀.၅-၁၁ သန်းရောင်းချနိုင်မည်ဟု မျှော်လင့်ထားကြောင်းသိရှိရပါသည်။

ရင်းမြစ်။ Bangkok Post, January 15, 2015

*********

## ယခုနှစ် ပထမသုံးလပတ်တွင် စီးပွားရေးသည် ၃ % တိုးတက်နိုင်

ရေနံစျေးနှုန်းကျဆင်းမှု၏ တွန်းအားပေးမှုကြောင့် မြင့်တက်နိုင်သော ပြည်တွင်းသုံးစွဲမှု နှင့် တိုးတက်လာသောပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတို့သည် ယခုနှစ် ပထမသုံးလပတ်၌ စီးပွားရေး တိုးတက်မှုနှုန်းကို ၄ % အထိရောက်ရှိအောင် တွန်းတင်ပေးနိုင်ကြောင်းဒုတိယဝန်ကြီးချုပ် MR Pridiyathornကပြောကြားခဲ့ပါသည်။ ပြည်တွင်းသုံးစွဲမှုနှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတို့သည် နိုင်ငံ၏ GDP တွင် အဓိကပါဝင်သည့် အချက်များဖြစ်ပါသည်။

ပြီးခဲ့သည့်နှစ်၌ လုပ်ငန်းလိုင်စင်ရရှိခဲ့သောစက်ရုံ (၃၈၀၀) အနက် (၁၅၀၀) ခန့်သည် ယခုသုံးလပတ်၌ လုပ်ငန်းများစတင်နိုင်မည်ဟု မျှော်လင့်ထားကြောင်း၊ စက်ရုံ (၁၆၀၈) ရုံသည် ပြီးခဲ့သည့်နှစ် စတုတ္ထသုံးလပတ်၌ စတင်လည်ပတ်ခဲ့ကြောင်း၊ ယခုနှစ် ပထမသုံးလပတ်တွင်

ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုအချိုးနှုန်းသည် မြင့်တက်လိမ့်မည်ဖြစ်ကြောင်းလည်း MR Pridiyathorn က ပြောကြားခဲ့ပါသည်။

၂၀၁၅ ဘဏ္ဍာနှစ်အတွက် ရင်းနှီးမြှုပ်နှံမှုအသုံးစရိတ် ဘတ် ၄၅၉ ဘီလီယံ ၏ ၉% ရှိသောဘတ် ၄၁ ဘီလီယံကိုပြီးခဲ့သည့် သုံးလပတ်၌ ထုတ်ပေးခဲ့ကြောင်း၊ ပုံမှန် အသုံးစရိတ်များထုတ်ပေးခြင်းသည် အတော်လေးကောင်းမွန်ကြောင်း၊ လက်ရှိဘဏ္ဍာနှစ် အသုံးစရိတ် ဘတ် ၂.၅၇၅ ထရီလီယံအနက် ဘတ် ၇၂၆ ဘီလီယံထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။

စီးပွားရေးတိုးတက်မှုကိုတွန်းတင်ပေးနိုင်သည့် ကိရိယာအဖြစ် အခြေခံအဆောက်အဦ စီမံကိန်းများအတွက် တည်ဆောက်ရေးစာချုပ်များ (construction contracts) ၏ တန်ဖိုး ဘတ် ၈၀ ဘီလီယံ၏ သုံးပုံနှစ်ပုံခန့်ကိုယခုသုံးလပတ်အတွင်းထုတ်ပေးရန် ခန့်မှန်းထားပါသည်။ စီးပွားရေးတိုးတက်မှုကိုထိန်းရန် အစိုးရအနေဖြင့် ရာဘာ၊ ဓါတ်မြေသြဇာကုန်ကြမ်းစသည့် သဘာဝအရင်းအမြစ်များကိုအသုံးပြုသောလုပ်ငန်းသစ်များအားကူညီထောက်ပံ့ခြင်းကိုအာရုံစိုက် ဆောင်ရွက်မည် ဖြစ်ပါသည်။

ထိုင်းနိုင်ငံ၌potashတန်ချိန် ၄၀၀ ဘီလီယံခန့်ရှိရရှိနိုင်သောပြာဓါတ်မြေ (potash reserves) ရှိရာထိုင်းနိုင်ငံသည် ဓါတ်မြေသြဇာထုတ်လုပ်မှုအတွက် အကြီးဆုံးကုန်ကြမ်း အရင်းအမြစ်ရှိသောနိုင်ငံများအနက် တစ်နိုင်ငံဖြစ်နိုင်ကြောင်း၊ အစိုးရအနေဖြင့် ယခုနှစ်တွင် ပြာဓါတ်မိုင်း (၃) တွင်းကိုအတည်ပြုပေးရန် ရည်ရွယ်ထားကြောင်းသိရှိရပါသည်။

ရင်းမြစ်။ Bangkok Post, January 15, 2015

*********

## ရေနံရန်ပုံငွေအတွက် စည်းကြပ်ကောက်ခံမှုနှုန်းများပြင်ဆင်သတ်မှတ်ခြင်း

ထိုင်းနိုင်ငံ၏ စွမ်းအင်မူဝါဒစီမံခန့်ခွဲမှုကော်မတီမှရေနံရန်ပုံငွေအတွက် ထည့်ဝင်မှုနှုန်းများကိုပြင်ဆင် သတ်မှတ်ခဲ့ခြင်းသည် ပြည်တွင်းလောင်စာဆီ လက်လီဈေးနှုန်းများအပေါ် အကျိုးသက်ရောက်မှုရှိခဲ့ပါသည်။ ကော်မတီသည် (ရန်ပုံငွေအတွက်) စည်းကြပ် ကောက်ခံခြင်းနှင့်ပတ်သက်၍ ဓါတ်ဆီ (gasohol) တစ်လီတာလျှင် ၄၀ စတန် (၀.၄ ဘတ်) လျှော့ချပြီး ဒီဇယ်ဆီတစ်လီတာလျှင် ၃၀ စတန် (၀.၃ ဘတ်) တိုးမြင့်ကောက်ခံရန် ၁၂-၁-၂၀၁၅ ရက်နေ့၌ ဆုံးဖြတ်ခဲ့ပါသည်။

ယင်းကဲ့သို့ ဆုံးဖြတ်ခဲ့ခြင်းသည် ရေနံရန်ပုံငွေအတွက် စည်းကြပ်ကောက်ခံမှုကို ဟန်ချက်ညီစေရန်နှင့် ဓါတ်ဆီဈေးနှုန်းများကိုကမ္ဘာ့ဈေးကွက်ဦးတည်ချက်နှင့်အညီဖြစ်စေရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းစွမ်းအင် အမြဲတမ်းအတွင်းဝန် Mr. Areepong က ပြောကြားခဲ့ပါသည်။

ဒီဇယ်ဆီအပေါ် စည်းကြပ်ကောက်ခံမှုတိုးမြှင့်ခဲ့သော်လည်း ဒီဇယ်ဆီလက်လီဈေးနှုန်းများသည် ကမ္ဘာ့ရေနံဈေးနှုန်းများထိုးကျနေခြင်းကိုထင်ဟပ်လျက် ဆက်လက် ကျဆင်းနိုင်ပါသည်။ gasohol 95 တစ်လီတာလျှင် ၁ ဘတ် ၊ gasohol 91 နှင့် E-20 တစ်လီတာလျှင် ၀.၆ ဘတ်စီအသီးသီးကျဆင်းနိုင်ကြောင်း Mr. Areepong က ပြောကြားခဲ့ပါသည်။ အဆိုပါဈေးနှုန်းသစ်များသည် ၁၃-၁-၂၀၁၅ ရက်နေ့တွင် စတင် အကျိုးသက်ရောက်ခဲ့ပါသည်။

၁၃-၁-၂၀၁၅ ရက်နေ့၌ gasohol 95 တစ်လီတာဈေးနှုန်းသည် ၂၇.၉၀ ဘတ် သို့လည်းကောင်း၊ gasohol 91 တစ်လီတာဈေးနှုန်းသည် ၂၆.၅၈ ဘတ် သို့လည်းကောင်း၊ E-20 တစ်လီတာဈေးနှုန်းသည် ၂၅.၁၈ ဘတ် သို့လည်းကြောင်း E-85 တစ်လီတာဈေးနှုန်းသည် ၂၂.၀၈ ဘတ် သို့လည်းကောင်းအသီးသီးကျဆင်းခဲ့ပါသည်။

ရေနံလက်လီဈေးနှုန်းများဆက်လက်ကျဆင်းနေခြင်းကြောင့် စားသုံးသူများအနေဖြင့် အခြားကုန်ပစ္စည်းများအတွက် ပိုမိုသုံးစွဲနိုင်မည်ဖြစ်သော်လည်း စွမ်းအင်ဝန်ကြီးဌာနသည် စွမ်းအင်စရိတ် သက်သာစေရေးအတွက်ရေနံကိုထိရောက်စွာ (အကျိုးရှိရှိ) အသုံးပြုရန် တိုက်တွန်းဆဲဖြစ်ပါသည်။ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ရေရှည်တွင် ရေနံရန်ပုံငွေအတွက် စည်းကြပ်ကောက်ခံခြင်းနည်းလမ်းမှ excise tax ကောက်ခံသည့်နည်းလမ်းကို ပြောင်းလဲကျင့်သုံးရန် ရည်ရွယ်ထားကြောင်းသိရှိရပါသည်။

ရင်းမြစ်။ Bangkok Post, January 13, 2015

*********